**အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှ ဦးဆောင်ကျင်းပသော**
**ဒုတိယအကြိမ် ပြည်သူ့ညီလာခံ ဖွင့်ပွဲတွင်**

သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင်
အရပ်ဖက်လူထုအဖွဲ့အစည်းများ၊ အာဏာရှင်စနစ် ဆန့်ကျင်ရေး CDM လှုပ်ရှားမှုဆိုင်ရာ
အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ ကိုယ်စား

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ မိန့်ခွန်းအမှာစကား

အလွှာပေါင်းစုံဆုံရပ်တော်လှန်ရေးနှင့်ဖက်ဒရယ်ဒီမိုကရေစီအိပ်မက်
Intersectional Revolution and the Dream for a Federal Democracy

မြန်မာပြည်ဟာ စတင်တည်ရှိကတည်းက၊ သန္ဓေတည်စဉ်ကပင်စုံလင်ကွဲပြားမှုများဖြင့်စတင်ခဲ့သည်၊ ပြည်ထောင်စုပေါ်ထွန်းရေးခရီးစဉ်ကြီးကို လျောက်လှမ်းလာတာ (၇၅) နှစ်ပြည့်လွန်ပြီးသည့်နှစ်တွင် ကျမတို့သည် "အလွှာပေါင်းစုံဆုံရပ်တော်လှန်ရေးကြီး" ၏နိုင်ငံရေးအိပ်မက်ဖြစ်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်နိုင်ရေးအတွက် ဆက်လက်တော်လှန်တိုက်ပွဲ ဝင်နေရဆဲဖြစ်ပြီး ယခုအခါ ဒုတိယအကြိမ် ပြည်သူ့ညီလာခံကိုကျင်းပနေခြင်းဖြစ်သည်။

ယခုလိုမျိုး စိန်ခေါ်မှုမျိုးစုံကြားမှခေါ်ယူကျင်းပရသည့်ပြည်သူ့ညီလာခံတွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနဲ့ စကားပြောခွင့်ရသည့်အတွက် ဝမ်းနည်းဝမ်းသာဂုဏ်ယူမိပါသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာတစ်နိုင်ငံလုံးရှိ အမျိုးသမီးများအားလုံးပါဝင်မှုမရှိပါ။ တစ်နိုင်ငံလုံးလူဦးရေ၏ ၅၁% ရှိသောအမျိုးသမီးထု၏ ထောက်ခံမှုလည်းရှိမရှိ ကျမတို့မသိပါ။ သို့သော် အမျိုးသမီး အဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ၁၉၉၉ ခုနှစ် ဖွဲ့စည်းပြီးသည့်အချိန်မှစ၍ အမျိုးသမီးနိုင်ငံရေးအဖွဲ့အစည်းအဖြစ် မားမားရပ်တည်ပြီး အာဏာရှင်တော်လှန်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးတွင် အခြားတော်လှန်ရေးအင်အားစုများနှင့်အတူ စွမ်းစွမ်းတမံပါဝင်နေသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

ယနေ့ကျင်းပသော ပြည်သူညီလာခံမှတဆင့် ပြည်သူလူထုထံသို့ ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးကြိုးပမ်းမှုများနှင့် ပတ်သက်ပြီး အချက် (၃) ချက်ကို အဓိကထားပြီး အသိပေးတင်ပြလိုပါသည်။

၁) စစ်အာဏာရှင်နှင့်အာဏာရှင်မှန်သမျှကိုဆန့်ကျင်တော်လှန်ခြင်းသည် ဒီမိုကရေစီကိုလိုလားသော၊ လွတ်လပ်မှုကို လိုလားသော ကျမတို့ပြည်သူ တစ်ရပ်လုံး၏ တာဝန်ဖြစ်သည်။ ပြည်သူအများ တာဝန်သိစွာဖြင့် အကြပ်အတည်း၊ အခက်အခဲ၊ စိန်ခေါ်မှုနှင့် အန္တရာယ်များအကြားမှ ကဏ္ဍအလိုက်နေရာဒေသ အသီးသီးတွင်ပါဝင်အားဖြည့်နေသည်ကို တွေ့ရှိကြားသိရတဲ့ အတွက်ကြောင့်လည်း အထူးကျေးဇူးတင်ပါကြောင်း ပဏာမပြောကြားလိုပါသည်။ **ကျမတို့သည် အမှန်တကယ် အာဏာသိမ်းစစ်တပ်နှင့်အတူ အာဏာရှင်စနစ်ကို အမှန်တကယ် ဖယ်ရှားချေမှုန်းနိုင်ရေးအတွက် များစွာဆက်လက်ကြိုးစားရဦးမည်ဖြစ်ကြောင်းကိုလည်း တစ်ပါတည်း အသိပေးပြောကြားလိုပါသည်။** ထိုသို့ ကြိုးပမ်းတော်လှန်နေကြရာတွင် ကျမတို့သည် မိမိကိုယ်ကိုယ် ပြင်ဆင်ရင်း၊ မွမ်းမံရင်း၊ တစ်ဖက်တွင်လည်း မိမိတို့ကို ရန်ပြုထိုးနှက်တိုက်ခိုက်နေသော စစ်တပ်၏ ဒဏ်ကို ကြံ့ကြံ့ခံရင်း တော်လှန်ရေးခရီးကို ဆက်နေကြခြင်းဖြစ်ပါသည်။ အားနည်းချက်များစွာ ရှိနေသေးသည့် အတွက်လည်း မိဘပြည်သူများကို အနူးအညွတ်တောင်းပန်အပ်ပါသည်။

၂) အာဏာရှင်စနစ်နှင့် မကောင်းမှု၊ မတရားမှုကို တော်လှန်နေသော တော်လှန်ရေးအင်အားစုများ အားလုံး **အာဏာရှင်စနစ်နှင့်မကောင်းသည့်အရာများကို ပြတ်ပြတ်သားသားတော်လှန်ရန် လိုအပ်သကဲ့သို့ မိမိတို့တန်ဖိုးထားသော၊ မိမိတို့နိုင်ငံရေးရည်မှန်းချက်များ၏ အခြေခံမူများနှင့် စံတန်ဖိုးများကိုလည်း အခိုင်အမာစွဲကိုင်ရပ်တည်သွားရန် အလွန်အရေးကြီးကြောင်း ထပ်လောင်းပြောလိုပါသည်။** ကျမတို့အားလုံးသည် အာဏာရှင်စနစ်ကို ဆန့်ကျင်နေသူများပီပီ တစ်ဖက်တွင် အာဏာကို အလွန်အမင်းရစ်မူးခြင်း၊ အာဏာကို အလွဲသုံးစားလုပ်ခြင်းနှင့် ပြည်သူကို အလေးမထားခြင်း၊ ဖိနှိပ်အနိုင်ကျင့်ခြင်း၊ ဖယ်ကြဉ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း စသည်တို့ကို လုံးဝရှောင်ကြဉ်ပြီး မချိုးဖောက်ကြရန်ကို သတိထားရမည်ဖြစ်သည်။ မကောင်းသောစနစ်ကို တော်လှန်နေဆဲကာလမှာပင် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုကို အခြေခံပြီး မိမိတို့တည်ဆောက်လိုသော စနစ်သစ်၏ ဓလေ့အသစ်များကို မွေးယူသွားရန် အထူးလိုအပ်ပါသည်။ **အားနည်းချက်များ၊ အမှားအယွင်းများရှိနေသည့်တိုင် ကျမတို့သည် မိမိတို့တော်လှန်နေသောအရာများကို မိမိတို့ကိုယ်တိုင်ကျူးလွန်ခြင်းများ မပြုလုပ်ကြရန်** အထူးအရေးကြီးလှပါသည်။ ထို့အတွက်ကြောင့်

တော်လှန်နေသူ ပြည်သူများအချင်းချင်းနှင့် တော်လှန်ရေးအင်အားစုများအချင်းအချင်းအကြား အပြန်အလှန် ဖေးမပြင်ယူရင်း ဆက်လက်ချီတက်သွားကြရန်ကိုလည်း ပြောကြားလိုပါသည်။

၃) နောက်ဆုံးအချက်အနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်သည် ကျမတို့အားလုံးအတွက် အသစ်ဖြစ်ပါသည်။ ကျမတို့အားလုံး မိမိတို့သက်ဆိုင်ရာနယ်ပယ်နှင့် အဆင့်အတန်းအလိုက် အစမှနေ၍ တော်လှန်နေသည့်ကာတွင်းမှာပင် ပြန်လည်သင်ယူလေ့လာရမည့်စနစ်တစ်ခုဖြစ်ပါသည်။ **နှစ်ပေါင်း (၇၀) ကျော် ကြာမြင့်နေခဲ့သော ပဋိပက္ခကိုဖြေရှင်းနိုင်ရန်ကြိုးစားနည်းလမ်းရှာကြရင်းဖြင့် စနစ်သစ်ဆီသို့လှမ်းချီတော်လှန်နေစဉ်တွင် တတ်နိုင်သမျှ အမှားအယွင်းနည်းရန်၊ အထူးသဖြင့် အကဲဆတ်ပြီး အလေးထားရန်လိုအပ်သည့် အကြောင်းအရာများ၊ အခြေအနေများစွာရှိပါသည်။** တစ်ဖက်တွင် အချင်းချင်းသည်းညည်းခံရမည့် လိုအပ်မှုရှိသလို အခြားတစ်ဖက်တွင်လည်း အထူးသတိထား၊ အလေးထားပြီး ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းလုပ်ဆောင်ရမည့်လိုအပ်မှုများစွာ ရှိနေပါသည်။ ထို့ကြောင့် ကျမ**တို့တော်လှန်တိုက်ပွဲဝင်နေကြသူများအားလုံးအနေဖြင့် အပြန်အလှန်အလေးထားမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊တာဝန်ခံမှု စသည်တို့ကို အခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်တိုက်ပွဲဝင်ကြပါစို့ဟု တိုက်တွန်းပန်ကြားရင်း** နိဂုံးချုပ်အပ်ပါသည်။

ကျေးဇူးတင်ပါသည်။